လျှို့ဝှက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

နိုင်ငံတော်မှချမှတ်ထားသော ဘဏ္ဍာရေးမူဝါဒများအား အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေအား သုံးသပ်တင်ပြခြင်း

ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

လျှို့ဝှက်

နိုင်ငံတော်မှချမှတ်ထားသော ဘဏ္ဍာရေးမူဝါဒများအား အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေအား သုံးသပ်တင်ပြခြင်း

နိဒါန်း

၁။ မြန်မာနိုင်ငံသည် ၁၉၈၈ ခုနှစ်မှစ၍ စီးပွားရေးမူဝါဒအဖြစ် ဈေးကွက် စီးပွားရေးစနစ်ကို ကျင့်သုံးပြီး စီးပွားရေးလုပ်ငန်းစဉ်များ အောင်မြင်အောင်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေးကဏ္ဍတွင်ပြီးခဲ့သောနှစ်များအတွင်း ဈေးကွက် စီးပွားရေးစနစ်ပေါ်ပေါက်လာရေးအတွက်လိုအပ်သအခြေခံအဆောက်အအုံများ၊ ဥပဒေ၊ နည်း ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကိုချမှတ်ထားခဲ့ပြီးဖြစ်ပါသည်။ ပုဂ္ဂလိကပိုင် ပြုလုပ်ရေး အပါအဝင်ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ပြောင်းလဲမှုများကိုလည်း လုပ်ဆောင် ထားခဲ့ပြီး ဖြစ်ပါသည်။ ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင် ပေါ်ပေါက် လာစေရန်နှင့် နိုင်ငံနှင့်ပြည်သူတို့၏ အနာဂတ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားလာရေးကို အရှိန်မြင့်ဆောင်ရွက်သွားရန်အတွက် ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာ၊ အခွန်အကောက် ဆိုင်ရာမူဝါဒများကိုလိုအပ်သလိုပြင်ဆင်ချမှတ်ကျင့်သုံးဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၂။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရန်ကြိုးပမ်း အကောင်အထည် ဖော်ဆောင် ရွက်ရာတွင်ဘဏ္ဍာရေးနှင့်အခွန်ကဏ္ဍသည် အဓိကအခန်းကဏ္ဍမှ အထောက်အကူ ပြုလျက်ရှိပါသည်။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမူဝါဒများနှင့် ရည်မှန်းချက်များအောင်မြင်စေရန်ဘဏ္ဍာရေးမူဝါဒနှင့် ငွေကြေးမူဝါဒများ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရပါသည်။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လက်အောက်တွင် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် စီးပွားရေးဖွံ့ဖြိုး

တိုးတက်မှု ရရှိရေးအတွက် ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တိုးတက်ဖြစ်ထွန်းရေး ကိုအထောက်အကူပြုသည့် အသုံးစရိတ်များနှင့် ရင်းနှီးမြှုပ်နှံမှုများကိုသာ ဦးစားပေး ဆောင်ရွက်ရန် ဘဏ္ဍာရေး မူဝါဒကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။

ဘဏ္ဍာရေးမူဝါဒ**(Fiscal Policy)**

၃။ ဘဏ္ဍာရေးမူဝါဒ(Fiscal Policy)ဆိုသည်မှာ မက်ခရိုစီးပွားရေးတည်ငြိမ်မှုနှင့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက်အခွန်အကောက်များ၊ အစိုးရ အသုံးစရိတ်များနှင့် အစိုးရ၏ပြည်တွင်းပြည်ပချေးငွေ ရယူနိုင်စွမ်းတို့ကို လိုအပ်သလို သတ်မှတ်၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ရေတိုဘဏ္ဍာရေးမူဝါဒမှာ အဓိကစီးပွားရေး အချက်အလက်များ(Economic Activities)၏ အနေအထားနှင့် ရေတိုပြောင်းလဲ လှုပ်ရှားမှုများကို အလေးထားပါသည်။ ရေရှည်ဘဏ္ဍာရေးမူဝါဒမှာစီးပွားရေး တိုး တက်မှု (Growth)သာမက ပြည်သူများအကြားညီမျှမှု(Equity)ကိုပါရရှိရန်အတွက် ထုတ်လုပ်မှုပမာဏနှင့် အခြားစီးပွားရေးအချက်အလက်အမျိုးမျိုးတွင် တိုးတက်မှုများ ရရှိလာစေရန်အရင်းအမြစ်များကို လိုအပ်သလိုအကောင်းဆုံးဖြစ်စေရန် ခွဲဝေအသုံးချ ခြင်းဖြစ်ပါသည်။

ဘဏ္ဍာရေးမူဝါဒရည်မှန်းချက်များ

၄။ အောက်ပါရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ပါသည်-

(က) ရေတိုကာလတွင် စီးပွားရေးပြန်လည်နလန်ထူစေရေး၊

(ခ) ရေရှည်ကာလတွင် စဉ်ဆက်မပြတ်စီးပွားရေးတိုးတက်မှုရရှိစေရေး၊

(ဂ) ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်စေရေး၊

(ဃ) အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်စေရေး၊

(င) အလုပ်အကိုင်အခွင့်အလမ်းသစ်များ ရရှိစေရေး၊

(စ) လူနေမှုအဆင့်အတန်းမြင့်မားလာစေရေး။

၅။ ဘဏ္ဍာရေးမူဝါဒ၏ ရည်မှန်းချက်များအောင်မြင်စေရန်အတွက်အခွန်အကောက်နှင့် အသုံးစရိတ်များကိုလိုအပ်သလို သတ်မှတ်လုပ်ဆောင်သည့် ဘဏ္ဍာရေးနည်းလမ်းများ (Fiscal Instruments)ကို အသုံးပြုရာ၌ရသုံးခန့်မှန်း ခြေငွေစာရင်း(Budget)ကို ရေးဆွဲ ဆောင်ရွက်ရပါသည်။

ဘဏ္ဍာရေးမူဝါဒကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်အခြေခံမူဝါဒများ

၆။ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘတ်ဂျက်လိုငွေ လျှော့ချ ရေးမှာ အရေးပါသဖြင့် ဘတ်ဂျက်လိုငွေလျှော့ချနိုင်ရန်အတွက် မှန်ကန်သော ဘဏ္ဍာရေးမူဝါဒများ ချမှတ်ကျင့်သုံးနိုင်ရန်အရေးကြီးပါသည်။ စီးပွားရေး သီအိုရီအရ ဘတ်ဂျက်လိုငွေလျှော့ချရန် အဓိကနည်းလမ်းနှစ်သွယ်ရှိပါသည်။ပထမနည်းလမ်းမှာအစိုးရဝင်ငွေ တိုးလာစေရန်အ တွက်ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဒုတိယနည်းလမ်းမှာ အစိုးရအသုံးစရိတ်များ လျှော့ချရန် ဖြစ်ပါသည်။ သို့ဖြစ်၍ဘဏ္ဍာရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခွန် မူဝါဒ၊ အသုံးစရိတ်မူဝါဒနှင့်စီးပွားရေးမူဝါဒများကို အခြေခံမူဝါဒများ အဖြစ်ချမှတ် ဆောင်ရွက်ပါသည်။

(က) အခွန်မူဝါဒ**(Tax Policy)**

အစိုးရကစီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးရေးအစရှိသည့် လုပ်ငန်း အသီးသီးကိုဆောင်ရွက်ရာတွင် အသုံးစရိတ်များကိုကျခံနိုင်ရန် ဝင်ငွေကိုရှာဖွေရာ၌ အခွန်စည်းကြပ်ကောက်ခံရေးမှာ အဓိကပင်ဖြစ်ပါသည်။ အခွန်စည်းကြပ်ကောက်ခံရေးအတွက်အခွန်အမျိုးမျိုးကိုစည်းကြပ်ရမည့်နှုန်းနှင့်တကွ အစိုးရက ဥပဒေ၊ နည်းဥပဒေစသည်တို့ကိုပြဋ္ဌာန်းပေးရပါသည်။ ထိုဥပဒေ၊ နည်းဥပဒေများအရ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက်အစိုးရကစည်းကြပ် ကောက်ခံရရှိမည့်အခွန်ငွေများကို ခန့်မှန်းတွက်ချက်၍ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းရပါသည်။

မြန်မာနိုင်ငံတွင်အခွန်စည်းကြပ်ကောက်ခံနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက အောက်ပါအခွန်မူဝါဒများကို ချမှတ်ဆောင်ရွက် ခဲ့ပါသည်-

(၁) နိုင်ငံတော်အစိုးရ၏ဘဏ္ဍာငွေရရှိရေးအတွက်ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝရရှိရေး ကြိုးပမ်း ဆောင်ရွက်ရန်၊

(၂) ဈေးကွက်စီးပွားရေးစနစ်နှင့်လိုက်လျောညီထွေဖြစ်သော အခွန်စနစ်ဖြစ်ပေါ်စေရန်၊

(၃) ပြည်တွင်းစားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့်စုဆောင်းမှုတို့ကို အခွန်အကောက်စနစ်ကထိန်းညှိပေးရန်၊

(၄) စီးပွားရေးနှင့်လူမှုရေးရည်မှန်းချက်များကိုအထောက်အကူဖြစ်စေရန်။

(ခ) အသုံးစရိတ်မူဝါဒ **(Expenditure Policy)**

ရသုံးခန့်မှန်းခြေငွေစာရင်းတွင်အဓိကအားဖြင့် ရငွေနှင့် သုံးငွေ ဟူ၍ (၂)ပိုင်းရှိရာအထက်တွင်ဖော်ပြသကဲ့သို့ဝင်ငွေများရှာဖွေရရှိသောအခါထိုငွေကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရကဌာနအဖွဲ့အစည်းများအားငှင်းတို့၏လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအသုံးစရိတ်များကိုရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းသတ်မှတ်ပေးရပါသည်။

မြန်မာနိုင်ငံတွင်အသုံးစရိတ်လျှော့ချနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက အောက်ပါ အသုံးစရိတ်မူဝါဒများ ချမှတ် ဆောင်ရွက် ခဲ့ပါသည်-

(၁) ဦးစားပေးကဏ္ဍများနှင့်ဦးစားပေးလုပ်ငန်းစီမံကိန်းများ သတ်မှတ်၍အသုံးစရိတ်ခွဲဝေပေးခြင်း၊

(၂) ထုတ်လုပ်မှုကိုတွန်းအားမပေးသည့် အသုံးစရိတ်များ (Non-productive expenditure) လျှော့ချဖြတ် တောက်ခြင်း၊

(၃)နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအားကိုယ်ပိုင်လုပ်ပိုင်ခွင့်ပိုမိုပေးခြင်း၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းလုပ်ကိုင်ခွင့်ပြုခြင်း၊

(၄) အရှုံးပေါ်လျက်ရှိသည့် နိုင်ငံပိုင်လုပ်ငန်းအချို့အား ပုဂ္ဂလိကပိုင်သို့ပြောင်းလဲရန် ဆောင်ရွက်လျက်ရှိခြင်း။

(ဂ) စီးပွားရေးမူဝါဒ**(Economic Policy)**

မြန်မာနိုင်ငံသည်စိုက်ပျိုးရေးကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေးဟူသောဦးတည်ချက်အပါအဝင် စီးပွားရေးဦးတည်ချက်(၄)ရပ်ကိုချမှတ်ဆောင်ရွက်လျက်ရှိသဖြင့် လယ်ယာကဏ္ဍနှင့် တိုက်ရိုက်သက်ဆိုင်သော ဆည်မြောင်းစီမံကိန်းများ၊ လယ်ယာသုံးစက်ပစ္စည်းများထုတ်လုပ်ရေး၊ ထွက်ရှိလာသောကုန်ကြမ်းများကို ကုန်ချောအဖြစ် ပြုပြင်ထုတ်လုပ်ရန် စက်ရုံကြီးများတည်ဆောက်ခြင်း၊ စက်ရုံလည်ပတ်ရန် အတွက် လျှပ်စစ်ဓါတ်အား ရရှိရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းများ သယ်ယူ ပို့ဆောင်ရေး ချောမွေ့လွယ်ကူလျင်မြန်ရန်အတွက်လမ်း၊တံတားများဆောက် လုပ်ခြင်း စသည်ဖြင့်ဦးစားပေးပြီးလုပ်ဆောင်ရန်အတွက် ဘတ်ဂျက် လျာထားသုံးစွဲခွင့်ပြုရပါသည်။

မြန်မာနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အောက်ပါ စီးပွားရေးမူဝါဒများ ချမှတ် ဆောင်ရွက် ခဲ့ပါသည်-

(၁) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်မှုအရည်အသွေး ထက်မြက် လာစေရေး၊

(၂)ပုဂ္ဂလိကစီးပွားရေးကဏ္ဍကျယ်ကျယ်ပြန့်ပြန့်တိုးတက်ထွန်းကားလာစရေး၊

(၃) ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချ ရေး၊

(၄) ပြည်သူများအတွက် အလုပ်အကိုင်သစ်များ ပိုမိုပေါ်ထွန်း ရေး၊

(၅) နိုင်ငံတော်၏ ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်စေရေး။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ဘဏ္ဍာရေးမူဝါဒနည်းလမ်းများ

၇။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်ဘဏ္ဍာရေးမူဝါဒဖြင့်အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါ သည်-

(က) ရင်းနှီးမြှုပ်နှံမှုအတွက် ငွေကြေးအရင်းအမြစ်များ စုစည်းခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံမှုကို အားပေးဆောင်ရွက်ခြင်း၊

(ဂ) အရင်းအမြစ်များကို အကျိုးရှိဆုံး ခွဲဝေအသုံးချခြင်း။

(က) ရင်းနှီးမြှုပ်နှံမှုအတွက် ငွေကြေးအရင်းအမြစ်များ စုစည်းခြင်း

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်အဓိကလိုအပ်သော ရင်းနှီးမြှုပ်နှံမှုကိုတိုးချဲ့မြှင့်တင်နိုင်ရန်အတွက် ငွေကြေးအရင်း အမြစ်များကို နိုင်ငံတော်က အောက်ပါ နည်းလမ်းများဖြင့် စုစည်း ဆောင်ရွက်နိုင်ပါသည်-

(၁) အခွန်အကောက်များကောက်ခံခြင်း၊

(၂) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများတွင်ထိုက်သင့်သော အမြတ်ရရှိရန်ဆောင်ရွက်ခြင်း၊

(၃) ပြည်တွင်း၌ အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်း၊

(၄) ပြည်ပမှ အကူအညီနှင့်အထောက်အပံ့များ ရယူခြင်း၊

(၅) ပြည်ပမှချေးငွေများချေးယူခြင်း။

(ခ) ရင်းနှီးမြှုပ်နှံမှုကို အားပေးဆောင်ရွက်ခြင်း

ငွေရေးကြေးရေးအရင်းအမြစ်များစုစည်းရရှိနိုင်သည်နှင့်အ မျှပြည်သူပိုင်ကဏ္ဍ၏ရင်းနှီးမြှုပ်နှံမှုကို တိုးချဲ့မြှင့်တင်နိုင်ပါသည်။ လျှပ်စစ် ဓာတ်အား၊သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးစသည့် အခြေခံအဆောက် အအုံဆိုင်ရာရင်းနှီးမြှုပ်နှံမှုများဖြင့်လည်းကောင်း၊အခွန်အကောက် ကင်းလွတ် ခွင့်ပေးခြင်းနှင့်အခွန်နှုန်းထား လျှော့ချ ပေးခြင်းစသည့် မက်လုံးပေးမှုများနှင့် ပြည်တွင်းပြည်ပပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကိုလည်းကောင်းအားပေးဆောင်ရွက် နိုင်ပါသည်။

(ဂ) အရင်းအမြစ်များကို အကျိုးရှိဆုံး ခွဲဝေအသုံးချခြင်း

အရင်းအမြစ်များကိုအကျိုးရှိဆုံးခွဲဝေအသုံးချရေးအတွက် ပြည်သူပိုင် ကဏ္ဍနှင့်ပုဂ္ဂလိကကဏ္ဍတို့အကြား၌လည်းကောင်း၊ပြည်သူပိုင် ကဏ္ဍအတွင်း နှင့်ပုဂ္ဂလိကကဏ္ဍအတွင်း၌လည်းကောင်း၊ယင်းကဏ္ဍနှစ်ခုလုံးတွင် စီးပွားရေး လုပ်ငန်းအမျိုးမျိုးနှင့်ဒေသအမျိုးမျိုးတို့အကြား၌လည်းကောင်း၊ အရင်းအမြစ် များကို ခွဲဝေပြောင်းရွှေ့အသုံးချရန် အသုံးစရိတ်ဆိုင်ရာ ဘဏ္ဍာရေးမူဝါဒဖြင့် ထိန်းကျောင်းပေးနိုင်ပါသည်။ ဦးစားပေး ကဏ္ဍသတ်မှတ်ခြင်း၊ ထုတ်လုပ်မှုကို မဖြစ်ထွန်းစေသည့်အသုံးစရိတ်များကို လျှော့ချ ခြင်း၊ အသုံးစရိတ်လျာထားခွဲ ဝေရာ၌ စိစစ်တင်းကြပ်ခြင်းတို့ဖြင့် ဆောင်ရွက်နိုင်ပါသည်။

ရသုံးခန့်မှန်းခြေငွေစာရင်းလိုငွေဖြည့်ဆည်းသည့်နည်းလမ်းများ

၈။ ရသုံးခန့်မှန်းခြေငွေစာရင်းလိုငွေကိုအောက်ပါ နည်းလမ်းများဖြင့်ဖြည့်ဆည်းနိုင်ပါ သည်-

(က) ပြည်ပမှ ငွေကြေးဖြည့်ဆည်းခြင်း၊

(ခ) ပြည်တွင်း၌ ငွေကြေးဖြည့်ဆည်းခြင်း။

၉။ ပြည်ပမှငွေကြေးဖြည့်ဆည်းခြင်းမှာ အောက်ပါချေးငွေများကို ပြည်ပမှ ရယူဖြည့်ဆည်းခြင်း ဖြစ်ပါသည်-

(က) အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့အစည်းများမှ ချေးငွေ၊

(ခ) နှစ်နိုင်ငံအစိုးရချင်းချေးငွေ၊

(ဂ) အခြားချေးငွေ။

၁၀။ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့အစည်းများမှချေးငွေများတွင် ကမ္ဘာ့ဘဏ်အုပ်စု၏အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့နှင့်အာရှဖွံ့ဖြိုးရေးဘဏ်စသည်တို့မှ ချေးငွေများပါဝင်ပါသည်။နှစ်နိုင်ငံအစိုးရချင်းချေးငွေတွင် အစိုးရအချင်းချင်းဖွံ့ဖြိုးမှု အကူအညီဖြင့်ချေးငွေများမှာအဓိကဖြစ်ပါသည်။ အခြားချေးငွေတွင်များသောအားဖြင့် ကုန်သွယ်ရောင်းဝယ်ရေးချေးငွေများ ပါဝင်ပါသည်။

၁၁။ ပြည်တွင်းငွေကြေးဖြည့်ဆည်းမှုတွင်ရသုံးခန့်မှန်းခြေငွေစာရင်းလိုငွေကို နိုင်ငံတော်၏ဘဏ္ဍာ ရန်ပုံငွေဖြင့်ဖြည့်ဆည်းပြီးလုံလောက်မှုမရှိပါက ဘဏ်မှ ချေးငွေနှင့်အခြားချေးငွေတို့ဖြင့် ဖြည့်ဆည်းလေ့ရှိပါသည်။ ဘဏ်မှချေးငွေတွင်ဗဟိုဘဏ်ကအစိုးရ၏ ငွေတိုက်လက်မှတ်များ (Treasury Bills) ဝယ်ယူခြင်းဖြင့် ချေးသောငွေဖြစ်ပါသည်။ အခြားချေးငွေတွင် အစိုးရကအများပြည်သူသို့ ငွေတိုက် စာချုပ်များ

(Treasury Bonds) အပါအဝင်ငွေချေး သက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းဖြင့် ချေးသောငွေများ ဖြစ်ပါ သည်။

၁၂။ ရသုံးခန့်မှန်းခြေငွေစာရင်းလိုငွေကိုပြည်ပမှချေးငွေဖြင့် ဖြည့်ဆည်းရာတွင် ပြည်ပကြွေးမြီတာဝန်ကြီးမားလာပြီးနိုင်ငံခြားငွေပေးငွေယူစာရင်းအခက်အခဲနှင့်ကြွေးမြပြဿနာဖြစ်ပေါ်လာနိုင်ခြင်းကိုလည်းကောင်း၊ ပြည်တွင်းဘဏ်မှချေးငွေဖြင့် ဖြည့်ဆည်းရာတွင် လှည့်လည်သုံးစွဲငွေပမာဏ တိုးတက်မှု များလွန်းလျှင် ငွေကြေးဖောင်းပွမှု ဖြစ်ပေါ်လာနိုင်ခြင်းကို လည်းကောင်း ဂရုပြုဆောင်ရွက်ကြရပါသည်။

၁၃။ ရသုံးခန့်မှန်းခြေငွေစာရင်းလိုငွေကြီးမားခြင်းသို့မဟုတ်အစိုးရ အသုံးစရိတ် ကြီးမားခြင်းကြောင့်ငွေကြေးဖောင်းပွမှုဖြစ်ပေါ်လျှင် ဘဏ္ဍာရေးမူဝါဒကို ရေရှည်စီးပွားရေးဖွံ့ဖြိုးမှုမူဝါဒ၊ ရေတိုငွေကြေးမူဝါဒတို့ဖြင့် ညှိနှိုင်းပေါင်းစပ်၍ ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်ပါသည်။

နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်း အခြေအနေ **(၁၉၈၈-၈၉ မှ ၂၀၁၀-၂၀၁၁ ထိ)**



၁၄။ နိုင်ငံတော်၏ရသုံးခန့်မှန်းခြေငွေစာရင်းအခြေအနေကို ၁၉၈၈-၈၉ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ခုဘဏ္ဍာရေးနှစ်အထိသုံးသပ်ကြည့်ပါက ၁၉၈၈-၈၉ ခု ဘဏ္ဍာရေးနှစ်တွင် ရငွေ ကျပ် ၂၆.၃၆၇ ဘီလီယံ၊ သုံးငွေကျပ် ၃၂.၆၈၂ ဘီလီယံရှိခဲ့ပြီး၊ လိုငွေ ကျပ် ၆.၃၁၅ ဘီလီယံ ဖြစ်ပေါ်ခဲ့ပါသည်။ ထို့ပြင် ၁၉၉၃-၉၄ ခု ဘဏ္ဍာရေးနှစ်တွင် ရငွေကျပ် ၈၁.၁၀၅ ဘီလီယံ၊ သုံးငွေ ကျပ် ၉၆.၆၂၂ ဘီလီယံ ရှိခဲ့ပြီး၊ လိုငွေကျပ် ၁၅.၅၁၇ ဘီလီယံ ဖြစ်ပေါ်ခဲ့ရာမှ ၂၀၀၀-၂၀၀၁ ခုဘဏ္ဍာရေးနှစ်တွင်ရငွေကျပ် ၄၁၈.၉၉၃ ဘီလီယံ၊ သုံးငွေကျပ် ၆၃၃.၇၉၇ ဘီလီယံရှိခဲ့ပြီး၊ လိုငွေကျပ် ၂၁၄.၈၀၄ ဘီလီယံ၊ ၂၀၀၈-၂၀၀၉ ခု ဘဏ္ဍာရေးနှစ်တွင် ရငွေကျပ် ၄၆၃၇.၂၂၄ ဘီလီယံ၊ သုံးငွေကျပ် ၅၃၁၄.၈၉၁ ဘီလီယံ ရှိခဲ့ပြီး၊ လိုငွေကျပ် ၆၇၇.၆၆၇ ဘီလီယံ ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ်တွင် ရငွေ

ကျပ် ၅၃၉၂.၃၄၂ ဘီလီယံ၊ သုံးငွေ ကျပ် ၇၈၆၄.၂၆၆ ဘီလီယံနှင့် လိုငွေ ကျပ် ၂၄၇၁.၉၂၄ ဘီလီယံ ဖြစ်ပေါ်ခဲ့ပါသည်။

-၉-

ဘတ်ဂျက်လိုငွေနှင့်ဂျီဒီပီအချိုး



၁၅။ မြန်မာနိုင်ငံ၏ ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးကို သုံးသပ်မည်ဆိုပါက ၁၉၈၈-၈၉ ခု ဘဏ္ဍာရေးနှစ်တွင် ၈.၃% ရှိခဲ့ပြီး၊ ရငွေပိုင်းတွင် ဝင်ငွေရှာဖွေမှုတိုးတက်လာသဖြင့် လိုငွေနှင့် ဂျီဒီပီ အချိုးမှာ ၁၉၉၃-၉၄ ခု ဘဏ္ဍာရေးနှစ်တွင် ၄.၃% အထိ ကျဆင်းခဲ့ပါသည်။ ထို့နောက် သာမန် အသုံးစရိတ်တွင် အဓိကပါဝင်သည့် ဝန်ထမ်းများ၏ လစာစရိတ်များ တိုးမြှင့်ပေးခဲ့သဖြင့် အသုံးစရိတ်များတိုးမြင့်လာပြီး ၂၀၀၀-၂၀၀၁ ခု ဘဏ္ဍာရေး နှစ်တွင် လိုငွေနှင့် ဂျီဒီပီအချိုးသည် ၈.၄% အထိ တိုးမြင့်သွားသည်ကို တွေ့ရပါသည်။ ၂၀၀၂-၂၀၀၃ ခု ဘဏ္ဍာရေးနှစ်မှ စတင်၍ နိုင်ငံတော်၏ သာမန်ရငွေနှင်

အခွန်ရငွေများ တိုးတက်ရှာဖွေနိုင်ခဲ့သဖြင့် လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၂၀၀၈-၂၀၀၉ ခု ဘဏ္ဍာရေးနှစ်တွင် ၂.၃% အထိကျဆင်းသွားခဲ့သည်ကို တွေ့ရပါသည်။ အထူးဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများနှင့်ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဖောက်လုပ်ရေးလုပ်ငန်း အသုံး စရိတ်များ ကျခံသုံးစွဲရသဖြင့် ၂၀၀၉-၂၀၁၀ ခု ဘဏ္ဍာရေးနှစ်တွင်လိုငွေနှင့်ဂျီဒီပီအချိုးမှာ ၄.၆% နှင့် ၂၀၁၀-၂၀၁၁ ခုဘဏ္ဍာရေးနှစ်တွင် ၆.၅% အထိဖြစ်ပေါ်ခဲ့သည်ကို တွေ့ရပါသည်။

နိုင်ငံတော်၏ ရငွေ အခြေအနေ



၁၆။ နိုင်ငံတော်၏ရငွေတွင်သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေနှင့်ကြွေးမြီရငွေများ ပါဝင်ပါသည်။သာမန်ရငွေတွင်အခွန်အကောက်ရငွေ၊ နိုင်ငံတော်၏စီးပွားရေး အဖွဲ့အစည်း များ၏နိုင်ငံတော်သို့ ထည့်ဝင်ငွေ၊ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေနှင့် အခြားသာမန်ရငွေများပါဝင်ပါသည်။ သာမန်ရငွေတွင် ပါဝင်သည့်အခြေအနေကို သုံးသပ်

မည်ဆိုပါက ၁၉၈၈-၈၉ ခု ဘဏ္ဍာရေးနှစ်တွင် အခွန်အကောက်ရငွေသည် စုစုပေါင်း သာမန်ရငွေ၏ ၁၄.၂%၊ နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများမှ နိုင်ငံတော်သို့ထည့် ဝင်ငွေသည် စုစုပေါင်းသာမန်ရငွေ၏ ၆.၄% ၊ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့ အစည်းများမှ ရငွေသည် စုစုပေါင်းသာမန်ရငွေ၏ ၇၄.၁% နှင့် အခြား သာမန်ရငွေသည် စုစုပေါင်းသာမန် ရငွေ၏ ၅.၃% ဖြစ်သည်ကိုတွေ့ရပါသည်။ ၂၀၁၀-၂၀၁၁ ခုဘဏ္ဍာရေးနှစ်တွင် အခွန် အကောက်ရငွေသည်စုစုပေါင်းသာမန်ရငွေ၏၂၆.၂%၊ နိုင်ငံတော်၏စီးပွားရေး အဖွဲ့အစည်းများမှ နိုင်ငံတော်သို့ ထည့်ဝင်ငွေ သည် စုစုပေါင်းသာမန်ရငွေ၏ ၁၅.၆% ၊ နိုင်ငံတော်၏စီးပွားရေး အဖွဲ့အစည်းများမှ ရငွေသည် စုစုပေါင်းသာမန်ရငွေ၏ ၅၀.၂%နှင့် အခြားသာမန်ရငွေသည်စုစုပေါင်းသာမန်ရငွေ၏၈.၀% ဖြစ်သည်ကို တွေ့ရပါသည်။ အခွန်အကောက်ရငွေရှာဖွေမှုသည် ၁၉၈၈-၈၉ ခု ဘဏ္ဍာရေးနှစ်နှင့်၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ်အခြေအနေကို နှိုင်းယှဉ်ကြည့်ပါက ၁၂.၀% တိုးမြှင့်ရှာဖွေနိုင်သည်ကို တွေ့ရပါသည်။

နိုင်ငံတော်၏ အခွန်ရငွေ အခြေအနေ



၁၇။ ၁၉၈၈-၈၉ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ်အထိ မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် အခွန်အကောက် ၁၅ မျိုး ကို အောက်ဖော်ပြပါ ဝန်ကြီးဌာနနှင့် ဦးစီးဌာနများက တာဝန်ယူကောက်ခံခဲ့ပါသည်-

စဉ်	အခွန်အမျိုးအစား	ကောက်ခံသည့် ဦးစီးဌာန	ဝန်ကြီးဌာန
၁	ဝင်ငွေခွန်	ပြည်တွင်းအခွန်များဦးစီးဌာန	ဘဏ္ဍာ/အခွန် ဝန်ကြီးဌာန
၂	အမြတ်ခွန်	ပြည်တွင်းအခွန်များဦးစီးဌာန	ဘဏ္ဍာ/အခွန် ဝန်ကြီးဌာန
၃	ကုန်သွယ်လုပ်ငန်းခွန်	ပြည်တွင်းအခွန်များဦးစီးဌာန	ဘဏ္ဍာ/အခွန် ဝန်ကြီးဌာန
၄	တံဆိပ်ခေါင်းခွန်	ပြည်တွင်းအခွန်များဦးစီးဌာန	ဘဏ္ဍာ/အခွန် ဝန်ကြီးဌာန
၅	အောင်ဘာလေသိန်းဆုခွန်	ပြည်တွင်းအခွန်များဦးစီးဌာန	ဘဏ္ဍာ/အခွန် ဝန်ကြီးဌာန

၆	အကောက်ခွန်	အကောက်ခွန်ဦးစီးဌာန	ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန

စဉ်	အခွန်အမျိုးအစား	ကောက်ခံသည့် ဦးစီးဌာန	ဝန်ကြီးဌာန
၇	ယစ်မျိုးခွန်	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	ပြည်ထဲရေးဝန်ကြီးဌာန
၈	မြေခွန်	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	ပြည်ထဲရေးဝန်ကြီးဌာန
၉	ရေခွန်နှင့်တာတမံခွန်	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	ပြည်ထဲရေးဝန်ကြီးဌာန
၁၀	ဓာတ်သတ္တုခွန်	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	ပြည်ထဲရေးဝန်ကြီးဌာန
၁၁	သစ်တောခွန်	သစ်တောဦးစီးဌာန	သစ်တောရေးရာဝန်ကြီးဌာန
၁၂	ကြက်ပေါင်စေးခွန်	သစ်တောဦးစီးဌာန	သစ်တောရေးရာဝန်ကြီးဌာန
၁၃	အင်းအိုင်ခွန်	ငါးလုပ်ငန်းဦးစီးဌာန	မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
၁၄	သယ်ယူပို့ဆောင်ရေးခွန်	ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး	ရထားပို့ဆောင်ရေး ဝန်ကြီးဌာန

စဉ်	အခွန်အမျိုးအစား	ကောက်ခံသည့် ဦးစီးဌာန	ဝန်ကြီးဌာန
၁၅	သွင်းကုန်အတွက် လိုင်စင်ခများ	ညွှန်ကြားမှုဦးစီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၁၈။ အဆိုပါ အခွန်အကောက် ၁၅ မျိုးအနက် မြေခွန်နှင့်တာတမံခွန်ကို ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေး နှစ်အထိ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူကောက်ခံခဲ့ပြီး ၂၀၀၇-၂၀၀၈ ခု ဘဏ္ဍာရေးနှစ်မှစ၍ တာတမံခွန်ကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနကလည်းကောင်း၊ ရေခွန်ကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်း ဦးစီးဌာနကလည်းကောင်း ခွဲခြားကောက်ခံခဲ့ပါသည်။

၁၉။ ၁၉၈၈-၈၉ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ်အထိ နိုင်ငံတော်၏ အခွန်ရငွေကို လေ့လာရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနလက်အောက်ခံ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့က ကောက်ခံသည့် အခွန် ၆ မျိုး၏ ကောက်ခံရရှိမှုမှာ နှစ်စဉ်တိုးတက်လျက် ရှိပြီး အခွန်ရငွေ စုစုပေါင်းတွင် ၉၀% မှ ၉၇% အထိ ပါဝင်ကြောင်း တွေ့ရှိရပါသည်။ ကျန်ဝန်ကြီးဌာန များက ကောက်ခံလျက်ရှိသည့် အခွန်အကောက် ၉ မျိုးမှာ ၃% မှ ၁၀% အထိသာ ပါဝင်ကြောင်း တွေ့ရှိရပါသည်။

၂၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆ နှင့် ဇယား ၁ အရ လည်းကောင်း၊ ပုဒ်မ ၂၅၄ နှင့် ဇယား ၅ အရလည်းကောင်း အခွန်အခများကို ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများက ခွဲခြားကောက်ခံသွားမည်ဖြစ်ရာ မြန်မာနိုင်ငံ၏ အခွန်အကောက်ဖွဲ့စည်းပုံ (Tax Structure) မှာ ပြောင်းလဲသွားမည်ဖြစ်ပါသည်။ ထိုသို့ ပြောင်းလဲ သွားလျှင်ပင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ကောက်ခံနေသည့် အခွန် ၆ မျိုးမှာ ပြည်ထောင်စု အစိုးရက ကောက်ခံသည့် အခွန်များအဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်ပါသည်။

နိုင်ငံတော်၏ အခွန်ရငွေ နှင့် ဂျီဒီပီအချိုး

၂၁။ ၁၉၈၈-၈၉ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ်အတွင်း ကောက်ခံ ရရှိခဲ့သည့် အခွန်ရငွေနှင့် GDP အချိုးကို လေ့လာရာတွင် အောက်ဖော်ပြပါ အတိုင်း တွေ့ရှိ ရပါသည် -



၂၂။ အထက်ဖော်ပြပါ ပုံချပ်အရ အခွန်ရငွေ နှင့် GDP အချိုးမှာ တစ်နှစ်ထက် တစ်နှစ် နိမ့်ကျ လာကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများတွင် အခွန်ရငွေ နှင့် GDP အချိုးမှာ ၁၀% အထက်ရှိသဖြင့် မြန်မာနိုင်ငံ၏ အခွန်ရငွေ နှင့် GDP အချိုးမှာ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အတော်ပင်လျော့နည်းကြောင်း၊ တိုင်းပြည်၏ စီးပွားရေး နှစ်စဉ် တိုးတက်နေမှုနှင့် လိုက် လျောညီထွေမရှိကြောင်း ထောက်ပြ ပြောဆိုမှုများကို တွေ့ရှိရပါသည်။ အထူးသဖြင့် နိုင်ငံတော်အတွင်း ကောက်ခံနေသည့် အခွန်ရငွေစုစုပေါင်း၏ ၉၀ % ကျော်ကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက

ကောက်ခံ ပေးလျက်ရှိသဖြင့် အခွန်ရငွေနှင့် GDP အချိုး နိမ့်ကျရခြင်းမှာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန၏ တာဝန်ကဲ့သို့ ဖြစ်လျက်ရှိပါသည်။ တစ်နည်းအားဖြင့် ကောက်ခံရရှိသည့် အခွန်များ လျော့ နည်းသည့်အတွက် ယင်းသို့ဖြစ်ရကြောင်း ပြောဆိုနေသကဲ့သို့ ဖြစ်ပါသည်။

၂၃။ သို့ဖြစ်ရာ ကောက်ခံရရှိသည့် အခွန်များ လျော့နည်းစေသည့် အကြောင်း အချက်များကို လေ့လာ ဆန်းစစ်ကြည့်ရာ အောက်ဖော်ပြပါအချက်များကြောင့် ဖြစ်ကြောင်း တွေ့ရှိရပါသည် -

(က) အခွန်ဆိုင်ရာကင်းလွတ်ခွင့်၊ သက်သာခွင့်များခွင့်ပြုခြင်း၊

(ခ) နိုင်ငံခြားငွေဖြင့် အခွန်ကောက်ခံခြင်း၊

(ဂ) ပြည်ပသွင်းကုန်များအပေါ် ကောက်ခံသည့် စည်းကြပ်တန်ဖိုး (AV Value) သတ်မှတ် ချက်မှာ ဈေးကွက်လဲလှယ်နှုန်းထက်လျော့နည်းခြင်း၊

(ဃ) အခွန်ထမ်းများက အခွန်ဥပဒေများအပေါ် လိုက်နာမှုအားနည်းခြင်း၊

(င) အခွန်ဝန်ထမ်းများကလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ရန် အားနည်းခြင်း၊

(စ) အခွန်ဥပဒေများအတိုင်းဆောင်ရွက်ရာတွင် ဒေသဆိုင်ရာဌာန အဖွဲ့အစည်းများကပံ့ပိုး ကူညီမှုအားနည်းခြင်း၊

(ဆ) အခွန်ပမာဏကြီးမားစွာပေးဆောင်ရသည့် အခွန်ထမ်းများသည်အရိပ်အမျိုးမျိုးခိုကာ အခွန်လျော့နည်းသက်သာအောင် ကြံဆောင်ကြခြင်း၊

(ဇ) စာရင်းကိုင်များ၊ စာရင်းစစ်အဖွဲ့များကဆိုင်ရာဥပဒေများ၊ စံများနှင့်အညီဆောင်ရွက်နိုင်မှု အားနည်းခြင်း၊

(ဈ) အခွန်ဆိုင်ရာဥပဒေများ ခေတ်နှင့်အညီ ပြုပြင်ရန် လိုအပ်ခြင်း။

၂၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အသုံးစရိတ်များကို ကျခံသုံးစွဲနိုင်ရန် နိုင်ငံတော်၏ ရငွေတွင် ပါဝင်သည့် အခွန်ရငွေကို ပိုမိုတိုးတက်စေရန်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို အခွန်စနစ်ဖြင့် ထိန်းကျောင်းပေးနိုင်ရန်အတွက် ဆောင်ရွက်မည်ဆိုပါက အခွန်ဆိုင်ရာ ဥပဒေများကို ခေတ်နှင့်အညီ ပြုပြင်ရန်အပြင် အခွန်အကောက်စနစ်ကို ပြန်လည်သုံးသပ်ပြီးပြုပြင်ပြောင်းလဲခြင်း (Tax System Reform) ပြုလုပ်ရန်နှင့် လိုအပ်ပါက အခွန်စည်းကြပ်ကောက်ခံနေသည့် အဖွဲ့အစည်း များကိုလည်း ပြန်လည်သုံးသပ်ပြင်ဆင်ရန် လိုအပ်မည်ဖြစ်ပါသည်။ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော် အဆင့်ကော်မရှင်တစ်ရပ်၏ ဦးဆောင်မှုဖြင့် ပြည်တွင်း/ ပြည်ပမှ အသိပညာရှင် အတတ်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူ့ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ ကျွမ်းကျင်သူ ပညာရှင်များ ပါဝင်သည့် လေ့လာရေးအဖွဲ့များကို ဖွဲ့စည်းပေးပြီး စစ်တမ်းများကျယ်ကျယ်ပြန့်ပြန့်ကောက်ယူစေ၍ တွေ့ရှိချက်များကို သုံးသပ်တင်ပြစေကာ နိုင်ငံတော်အတွက်အသင့်လျော်ဆုံးဖြစ်မည့် အခွန်စနစ်တစ်ရပ်ကို ပြောင်းလဲကျင့်သုံးသင့်ပါသည်။

နိုင်ငံတော်၏ အသုံးစရိတ် အခြေအနေ



၂၅။ နိုင်ငံတော်၏အသုံးစရိတ်တွင် သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ကြွေးမြီ အသုံးစရိတ်များ ပါဝင်ပါသည်။ ၁၉၈၈-၈၉ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ်အထိ နိုင်ငံတော်၏ အသုံးစရိတ်အား တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲခဲ့ရာ ၁၉၈၈-၈၉ ခု ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းအသုံးစရိတ် ကျပ် ၃၂.၆၈၂ ဘီလီယံ ရှိခဲ့ရာမှ ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းအသုံးစရိတ် ကျပ် ၇၈၆၄.၂၆၆ ဘီလီယံ အထိ တိုးမြှင့်လျာထားသုံးစွဲခဲ့ပါသည်။

ကဏ္ဍအလိုက်အသုံးစရိတ်ပါဝင်မှုအခြေအနေ

(စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှုရာခိုင်နှုန်း)

၁၉၈၈-၈၉



၂၀၁၀-၂၀၁၁



၂၆။ ၁၉၈၈-၈၉ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ်အထိ ကဏ္ဍအလိုက် တိုးမြင့် လာမှုနှင့်ကျဆင်းမှုများကိုခွဲခြားလေ့လာကြည့်ပါက လယ်ယာ၊ သားငါး၊ သစ်တော ကဏ္ဍတွင် ၁၉၈၈-၈၉ ခု ဘဏ္ဍာရေးနှစ်တွင် ၁၂.၃ % ရှိရာမှ ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေး နှစ်တွင် ၆.၀%သို့လည်းကောင်း၊ စက်မှုကဏ္ဍတွင် ၁၃.၄% မှ ၄.၄% သို့လည်းကောင်း၊ စွမ်းအင်ကဏ္ဍတွင် ၁၃.၂% မှ ၁၁.၂% သို့လည်းကောင်း၊ လူမှုရေး ကဏ္ဍတွင် ၉.၀% မှ ၇.၉% သို့လည်းကောင်း၊ ငွေရေးကြေးရေးကဏ္ဍ တွင် ၁၆.၇%မှ ၁၁.၉% သို့လည်းကောင်း၊ ကုန်သွယ်ရေးကဏ္ဍတွင် ၁၁.၃% မှ ၀.၂% သို့လည်းကောင်း၊ စီမံခန့်ခွဲရေးကဏ္ဍတွင် ၂.၆% မှ ၀.၈% သို့လည်းကောင်း ကျဆင်းခဲ့ပြီး၊ ဆောက်လုပ်ရေး ကဏ္ဍတွင် ၆.၃%မှ ၂၄.၇% သို့လည်းကောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတွင် ၆.၈% မှ ၇.၃%

သို့လည်းကောင်း၊ ကာကွယ်ရေးကဏ္ဍတွင် ၅.၄% မှ ၁၆.၈% သို့ လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် ၃.၀%မှ ၈.၈% သို့လည်းကောင်း တိုးမြင့်ခဲ့ပါသည်။

သာမန်အသုံးစရိတ်သုံးစွဲမှုအခြေအနေ



၂၇။ ၁၉၈၈-၈၉ ခု ဘဏ္ဍာရေးနှစ်တွင် သာမန်အသုံးစရိတ်ကျပ်၂၇.၀၈၅ ဘီလီယံရှိခဲ့ရာမှ ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ်တွင် သာမန်အသုံးစရိတ်ကျပ် ၄၃၆၂.၁၉၆ ဘီလီယံအထိ တိုးမြှင့်လျာထားသုံးစွဲခဲ့ပါ သည်။ သာမန်အသုံးစရိတ်ပိုင်းတွင် လစာနှင့်စရိတ် ၊ ပစ္စည်း၊ လုပ်အားနှင့်ဆောင်ရွက်ပေးမှု၊ ကုန်ကြမ်း ဝယ်ယူခြင်း၊ ထုတ်လုပ်မှုစရိတ် ၊ စီမံခန့်ခွဲမှုစရိတ် ၊ ရောင်းချဖြန့်ဖြူးမှုစရိတ်၊ ငွေကြေးစရိတ်၊ ကုန်သွယ် လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေများ၊ အတိုးနှင့် ထောက်ပံ့ငွေများ ပါဝင်ပါသည်။ သာမန် အသုံးစရိတ်များတိုးမြှင့်သုံးစွဲရခြင်းမှာ ၁၉၉၃ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်၊ ၂၀၀၆ ခုနှစ် နှင့်၂၀၁၀ ပြည့်နှစ်များတွင် ဝန်ထမ်းများ၏ လစာတိုးမြှင့်ပေးခဲ့ခြင်း၊ လုပ်ခလစာ တိုးမြှင့်မှုကြောင့်

အငြိမ်းစား ဝန်ထမ်းများ၏ ပင်စင်နှင့် ဆုကြေးငွေများ တိုးမြှင့်လာခြင်း၊ ကုန်ထုတ်လုပ်မှုတွင် အဓိကလိုအပ်သည့် ဓာတ်ဆီ၊ဒီဇယ်ဆီ၊သဘာဝဓာတ်ငွေ့များနှင့် လျှပ်စစ်ဓာတ်အားခ များတိုးမြှင့်လာခြင်းတို့ကြောင့် ဖြစ်ပါ သည်။ လျှပ်စစ်ဓာတ်အားကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍတွင် ဝင်ငွေတိုးတက်ရရှိအောင် လုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်သဖြင့် ကျခံသုံးစွဲရသည့် သာမန်အသုံးစရိတ်များ တိုးမြင့်လာခြင်း ၊ ရရှိသည့် အမြတ်မှ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများ ပေးဆောင်ရသဖြင့် အသုံးစရိတ်များ တိုးမြင့်လာခြင်း ဖြစ်ပါသည်။

သာမန်အသုံးစရိတ်နှင့် ဂျီဒီပီအချိုး



၂၈။ သာမန်အသုံးစရိတ်နှင့်ဂျီဒီပီအချိုးမှာ ၁၉၈၈-၈၉ ခု ဘဏ္ဍာရေးနှစ်တွင် ၃၅.၅% ရှိခဲ့ရာမှ ၁၉၉၃-၉၄ ခု ဘဏ္ဍာရေးနှစ်တွင် ၂၂.၂ % ၊ ၂၀၀၀-၂၀၀၁ ခု ဘဏ္ဍာရေးနှစ်တွင် ၂၀.၅ %၊ ၂၀၀၈-၂၀၀၉ ခု ဘဏ္ဍာရေးနှစ်တွင် ၁၂.၄ %၊ ၂၀၀၉-၂၀၁၀ ခု ဘဏ္ဍာရေးနှစ်တွင် ၁၁.၃ % နှင့် ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ်တွင် ၁၁.၄ % သို့ ကျဆင်းခဲ့ကြောင်းတွေ့ရပါသည်။

ငွေလုံးငွေရင်းအသုံးစရိတ်အခြေအနေ



၂၉။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူသည့် အချိန်မှစ၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများကို ရင်းနှီးမြှုပ်နှံဆောင်ရွက် ခဲ့ပါသည်။ အထူး ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရန်ကုန်-မန္တလေး အမြန် လမ်းမကြီး ဖောက်လုပ်ခြင်း၊ မဟာဗျူဟာလမ်းများ ဖောက်လုပ်ခြင်း၊ စက်ရုံများ၊ ရထားလမ်းများ၊ ဆက်သွယ်မှုကွန်ယက်စနစ် တည် ဆောက်ရေးလုပ်ငန်းများ

ဆောင်ရွက်ခြင်း၊ ရေအားလျှပ်စစ် စီမံကိန်းများဆောင်ရွက်ခြင်း၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများ ဆောက်လုပ်ခြင်း၊ ကျန်းမာရေးကဏ္ဍအတွက် ဆေးရုံကြီးများ ဆောက်လုပ်ခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရှာဖွေတူးဖော်ခြင်း၊ ဓာတ်မြေသြဇာ စက်ရုံများ တည်ဆောက်ခြင်း စသည်တို့အတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့သဖြင့် ၁၉၈၈-၈၉ ခု ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၄.၃၆၆ ဘီလီယံ ရှိခဲ့ရာမှ ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ်တွင် ကျပ် ၃၅၀၀.၈၈၀ ဘီလီယံထိ ကျခံသုံးစွဲခဲ့ပါသည်။

ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ဂျီဒီပီ အချိုး



၃၀။ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ဂျီဒီပီအချိုးမှာ ၁၉၈၈-၈၉ ခု ဘဏ္ဍာရေးနှစ်တွင် ၅.၇ % ရှိခဲ့ရာမှ ၁၉၉၃-၉၄ ခု ဘဏ္ဍာရေးနှစ်တွင် ၄.၄%၊ ၂၀၀၀-၂၀၀၁ ခု ဘဏ္ဍာရေးနှစ်တွင် ၄.၃%၊ ၂၀၀၈-၂၀၀၉ ခု ဘဏ္ဍာရေးနှစ်တွင် ၅.၈%၊ ၂၀၀၉-၂၀၁၀ ခု ဘဏ္ဍာရေးနှစ်တွင် ၇.၂ % နှင့် ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ်တွင် ၉.၂% သို့ တိုးမြင့်လာခဲ့ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်တွင်ကျပ်ငွေဖြင့်ကျခံသည့်အပိုင်းနှင့်နိုင်ငံခြားငွေဖြင့် ကျခံသည့် အပိုင်းဟူ၍ နှစ်ပိုင်းခွဲခြားစိတ်ဖြာကြည့်နိုင်ပါသည်။ လက်ရှိဖော်ပြထားသည့်စာရင်းအရ ကျပ်ငွေအသုံးစရိတ် မြင့်တက်လာမှုကြောင့်အသုံးစရိတ်များ တိုးတက်လာခြင်း ဖြစ်ပါသည်။ အမှန်တကယ်အားဖြင့်ငွေလုံးငွေရင်းအသုံးစရိတ်တွင်နိုင်ငံခြားငွေဖြင့်ကျခံသုံးစွဲသည့်အချိုးအစားမှာအလွန်မြင့်မားပါသည်။ သို့ရာတွင်ငွေလုံးငွေရင်းအသုံးစရိတ်တွင် စာရင်း ဖော်ပြသည့်အခါတရားဝင်ငွေလဲလှယ်နှုန်းအရ တွက်ချက်မှုကြောင့် ယင်းသို့နိုင်ငံခြားငွေဖြင့်ကျခံသည့် အစိတ်အပိုင်းကို တန်ဖိုးအားဖြင့် သေးငယ်သည့် အစိတ်အပိုင်းတစ်ရပ်သာဖြစ်နေပါသည်။ နိုင်ငံခြားငွေဖြင့် ကျခံသုံးစွဲမှုများအတွက် ဈေးကွက်ငွေလဲလှယ်နှုန်းဖြင့်တွက်ချက်မည် ဆိုပါက ငွေလုံးငွေရင်းအသုံးစရိတ်သည် ယခုထက်ပို၍ များစွာ မြင့်တက်လာမည်ဖြစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်နှင့် ဂျီဒီပီအချိုးမှာပိုမိုမြင့်တက်လာမည်ဖြစ်ပါသည်။

နိုင်ငံတော်၏သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် နှိုင်းယှဉ်မှုအခြေအနေ



၃၁။ နှစ်အလိုက်နိုင်ငံတော်၏ သာမန်အသုံးစရိတ်နှင့်ငွေလုံးငွေရင်း အသုံးစရိတ်များအား နှိုင်းယှဉ်ပါက ၁၉၈၈-၈၉ ခု ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ်အထိ တစ်နှစ်ထက် တစ်နှစ် ပိုမိုသုံးစွဲခဲ့သည်ကို တွေ့ရှိရပါသည်။ ကိန်းဂဏန်းအားဖြင့် ကြည့်ပါက သာမန်အသုံးစရိတ်သုံးစွဲမှုသည်ငွေလုံးငွေရင်းအသုံးစရိတ်ထက် ပိုမိုသုံးစွဲခဲ့ သည်ကိုတွေ့ရှိရပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ သာမန်အသုံးစရိတ်အပိုင်းတွင် လစာ စရိတ်များတိုးမြှင့်ပေးခဲ့ခြင်း၊ ခတ်ဆီ၊ ဒီဇယ်၊ သဘာဝဓာတ်ငွေ့၊ လျှပ်စစ်ဓာတ်အားနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုနှုန်းထားများ တိုးမြှင့်မှုကြောင့်အသုံးစရိတ် များ တိုးမြင့် လာခြင်းဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ရသုံးခန့်မှန်းခြေငွေစာရင်းသည် ငွေသားကို အခြေခံရေးဆွဲသည့် စာရင်းဖြစ်ပါသည်။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည်

ငွေသားနှင့် ကုန်သွယ်မှုစာရင်းဟူ၍ နှစ်မျိုးရေးဆွဲပါသည်။ ကုန်သွယ်မှုစာရင်းအရ စာရင်းရေးဆွဲပြီး အမြတ် ရရှိပါက ရရှိသည့်အမြတ်ငွေ၏ ၃၀% ကို ဝင်ငွေခွန်အဖြစ် ပေးသွင်းရပြီး၊ ကျန် ၇၀% ကို နိုင်ငံတော်သို့ ထည့်ဝင်ငွေအဖြစ်ပေးသွင်းရပါသည်။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၏ သာမန်အသုံးစရိတ် (ငွေသား)စာရင်းတွင် အဆိုပါ နိုင်ငံတော်သို့ထည့်ဝင်ငွေနှင့်အခွန်ငွေများကို အသုံးစရိတ်အဖြစ် ထည့်သွင်း ဖော်ပြထားပြီး နိုင်ငံတော်စီမံခန့်ခွဲမှုကိုဆောင်ရွက်ရသည့် ဝန်ကြီးဌာန၊ ဦးစီးဌာနဘတ်ဂျက် သာမန်ရငွေပိုင်းတွင် အခွန်အကောက်ရငွေနှင့် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများမှ ရငွေဟူ၍ ထည့်သွင်းဖော်ပြပါသည်။ သို့ဖြစ်၍ သာမန်အသုံးစရိတ် အပိုင်းတွင် ကိန်းဂဏန်းများ များပြားနေခြင်း ဖြစ်ပါသည်။

၃၂။ ငွေလုံးငွေရင်း အသုံးစရိတ်အပိုင်းတွင်လည်းတစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးမြှင့်သုံးစွဲ ခဲ့ပါသည်။ သို့ရာတွင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း နိုင်ငံခြားငွေဖြင့် ကျခံသုံးစွဲသည့် ငွေလုံးငွေရင်း အသုံးစရိတ်များသည် တရားဝင်ငွေလဲလှယ်နှုန်းဖြင့် တွက်ချက်ဖော်ပြသည် ့အတွက် ကိန်းဂဏန်း အားဖြင့် လျော့နည်းနေခြင်း ဖြစ်ပါသည်။ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်မှစ၍ အထူးဖွံ့ဖြိုးရေး စီမံကိန်းများနှင့် ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်မှစ၍ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၁၀-၂၀၁၁ခုဘဏ္ဍာရေးနှစ်အထိ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးလုပ်ငန်း စီမံကိန်းနှင့် အထူးဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ကျပ် ၄၉၇၅.၆၂၀ ဘီလီယံ ကျခံ သုံးစွဲခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ရသုံးခန့်မှန်းခြေငွေစာရင်းလိုငွေကိုဖြည့်ဆည်းခြင်း

၃၃။ ရသုံးခန့်မှန်းခြေငွေစာရင်းလိုငွေကို ဖြည့်ဆည်းရာ၌ ပြည်ပမှ အထောက်အပံ့နှင့် ချေးငွေများရရှိမှုမှာ ၁၉၈၈ ခုနှစ်မှစ၍လျော့နည်းလာခဲ့သောကြောင့် ပြည်တွင်းဘဏ်ချေးငွေကိုသာအားထားခဲ့ရပါသည်။ ဗဟိုဘဏ်က အစိုးရငွေတိုက်လက်မှတ်များ (၃)လတစ်ကြိမ် ဝယ်ယူခြင်းဖြင့်လိုငွေဖြည့်ဆည်းပေးခဲ့ရပါသည်။ယင်းသို့ဖြည့်ဆည်းမှုကိုလျှော့ချပြီး ငွေကြေးပမာဏတိုးတက်မှုကို လျော့နည်းစေသည့်အခြားနည်းလမ်းတစ်ရပ်ဖြစ်သော အစိုးရငွေတိုက်စာချုပ်များ အများပြည်သူသို့ ထုတ်ဝေရောင်းချသော နည်းလမ်းကို ၁၉၉၃ ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၃ ခုနှစ်တွင် ထုတ်ဝေ ရောင်းချခဲ့သော ငွေတိုက်စာချုပ်များမှာ ၃ နှစ်နှင့် ၅ နှစ် ငွေတိုက်စာချုပ်များ ဖြစ်ပါသည်။ ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျပ် ၁ သောင်း၊ ကျပ် ၁ သိန်း၊ ကျပ် ၁ သန်းနှင့် ကျပ် ၁၀ သန်းတန် ၂ နှစ် ငွေတိုက်စာချုပ်များအား ထပ်မံထုတ်ဝေခဲ့ပြီး အတိုးနှုန်းမှာ ၂ နှစ် ငွေတိုက်စာချုပ်များအတွက် ၁၀.၅%၊ ၃ နှစ် ငွေတိုက်စာချုပ်များအတွက် ၁၁.၀ % နှင့် ၅ နှစ် ငွေတိုက်စာချုပ်များအတွက် ၁၁.၅% ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၆.၅% ဖြစ်ပြီး ဘတ်ဂျက်လိုငွေ၏ ၁၅.၀% အား ငွေတိုက်စာချုပ်ဖြင့် ဖြည့်ဆည်းပေးခဲ့ပါသည်။

၂၀၁၁ -၂၀၁၂ ခု ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းအား ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ရေးဆွဲခြင်း

၃၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်၏ရသုံးခန့်မှန်းခြေငွေစာရင်းအား ပြည်ထောင်စုအရ အသုံး

ခန့်မှန်းခြေငွေစာရင်းနှင့်တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်အရအသုံးခန့်မှန်းခြေငွေစာရင်း များအဖြစ်ခွဲခြား ရေးဆွဲခဲ့ပါသည်။

၃၅။ ပြည်ထောင်စုအဆင့်ရသုံးခန့်မှန်းခြေ ငွေစာရင်းကိုဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆ ၊ ပြည်ထောင်စုဥပဒေပြုဇယား ၁ တွင် ဖော်ပြထားသော ပြည်ထောင်စုအဆင့်မှ ကောက်ခံသည့် အခွန်အကောက်များမှ ရငွေများ၊ ပြည်ထောင်စုအဆင့်မှဆောင်ရွက်သည့်လုပ်ငန်းများမှရငွေများနှင့် ယင်းလုပ်ငန်းများအတွက် ကုန်ကျမည့် အသုံးစရိတ်များကို ထည့်သွင်း ရေးဆွဲခဲ့ပါသည်။

၃၆။ တိုင်းဒေသကြီး/ပြည်နယ်ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုဇယား ၂ တွင်ဖော်ပြထားသည့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှကောက်ခံသည့်အခွန်အကောက်မှရငွေများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှဆောင်ရွက်ရသည့်လုပ်ငန်းများမှရငွေများနှင့် ယင်းလုပ်ငန်းများအတွက်ကုန်ကျမည့် အသုံးစရိတ်များကိုထည့်သွင်းရေးဆွဲပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏အရအသုံးစာရင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၆ ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ ဥပဒေပြု ဇယား ၃ ပါ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ဆောင်ရွက်ရသည့်လုပ်ငန်းများမှရငွေများနှင့် ယင်းလုပ်ငန်းများအတွက်ကုန်ကျမည့်အသုံးစရိတ်များကိုထည့်သွင်းရေးဆွဲပြီးသက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အရ၊အသုံးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းရေးဆွဲခဲ့ပါသည်။

၃၇။ သီးခြားဥပဒေများဖြင့်မိမိရန်ပုံငွေအပေါ် မိမိရပ်တည်ဆောင်ရွက်နေသော နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေး

မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့များ၏ရငွေသုံးငွေများကိုလည်းသက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းရေးဆွဲခဲ့ပါသည်။

၃၈။ ထိုသို့ရေးဆွဲထားသည့် ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်တိုင်းဒေသကြီး/ပြည်နယ်များ၏ရသုံးခန့်မှန်းခြေငွေစာရင်းများကိုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ တွင်ဖွဲ့စည်းပုံ အခြေခံဥပဒေအကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းရပ်များတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဆောင်ရွက် ပေးရန်ပြဋ္ဌာန်းချက်နှင့်အညီနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပြည်ထောင်စုအစိုးရအဖွဲ့နှင့်တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာကိစ္စရပ်များကို အဆင်ပြေစွာဆောင်ရွက်နိုင်ရန် ၂၇-၁-၂၀၁၁ ရက်နေ့တွင် ၂၀၁၁ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါသည်။

၃၉။ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး / ပြည်နယ်များအပါအဝင်နိုင်ငံတော်တစ်ရပ်လုံး၏ ရသုံးခန့်မှန်းခြေငွေစာရင်းအခြေအနေမှာ စုစုပေါင်းရငွေကျပ် ၅၇၈၁.၇၃၈ ဘီလီယံ၊ စုစုပေါင်းသုံးငွေ ကျပ် ၇၉၈၃.၁၈၈ ဘီလီယံ ဖြစ်ပြီး အသားတင်လိုငွေ ကျပ် ၂၂၀၁.၄၅၀ ဘီလီယံဖြစ်ပါသည်။ လိုငွေနှင့်ဂျီဒီပီအချိုးမှာ ၄.၈% ဖြစ်ပါသည်။

၄၀။ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ပြည်နယ်များ၏ ရငွေသုံးငွေစာရင်း အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(ကျပ်ဘီလီယံ)

	အကြောင်းအရာ	ရငွေ	သုံးငွေ	ပိုငွေ(+)/ လိုငွေ(-)
(က)	ပြည်ထောင်စု	၅၁၂၀.၉၆၃	၇၁၅၁.၉၂၀	(-)၂၀၃၀.၉၅၇
(ခ)	ကချင်ပြည်နယ်	၁၇.၇၅၁	၂၈.၀၅၇	(-)၁၀.၃၀၆
(ဂ)	ကယားပြည်နယ်	၉.၅၁၅	၁၃.၁၁၅	(-)၃.၆၀၀
(ဃ)	ကရင်ပြည်နယ်	၁၆.၅၁၉	၂၁.၇၁၅	(-)၅.၁၉၆
(င)	ချင်းပြည်နယ်	၉.၅၆၉	၁၇.၇၀၁	(-)၈.၁၃၂
(စ)	စစ်ကိုင်းတိုင်းဒေသကြီး	၃၈.၈၇၇	၅၃.၂၅၄	(-)၁၄.၃၇၇
(ဆ)	တနင်္သာရီတိုင်းဒေသကြီး	၁၁.၅၂၅	၁၉.၁၀၄	(-)၇.၅၇၉
(ဇ)	ပဲခူးတိုင်းဒေသကြီး	၃၉.၃၇၈	၅၉.၇၄၅	(-)၂၀.၃၆၇
(ဈ)	မကွေးတိုင်းဒေသကြီး	၅၃.၈၅၁	၅၅.၇၀၅	(-)၁.၈၅၄
(ည)	မန္တလေးတိုင်းဒေသကြီး	၁၀၇.၅၂၀	၁၁၉.၀၈၀	(-)၁၁.၅၆၀
(ဋ)	မွန်ပြည်နယ်	၁၈.၇၇၅	၂၆.၀၁၄	(-)၇.၂၃၉
(ဌ)	ရခိုင်ပြည်နယ်	၂၀.၂၆၄	၃၄.၇၃၅	(-)၁၄.၄၇၁
(ဍ)	ရန်ကုန်တိုင်းဒေသကြီး	၂၀၅.၈၂၆	၂၂၆.၇၃၅	(-)၂၀.၉၀၉
(ဎ)	ရှမ်းပြည်နယ်	၅၂.၄၂၂	၈၀.၈၉၂	(-)၂၈.၄၇၀
(ဏ)	ဧရာဝတီတိုင်းဒေသကြီး	၅၈.၉၈၃	၇၅.၄၁၆	(-)၁၆.၄၃၃

	ပေါင်း	၅၇၈၁.၇၃၈	၇၉၈၃.၁၈၈	(-)၂၂၀၁.၄၅၀

၄၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုရသုံးခန့်မှန်းခြေ ငွေစာရင်းတွင် ပါဝင်သော ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများသည် ရငွေများကိုပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းပြီးသုံးငွေများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည် ဖြစ်ပါ သည်။ တိုင်းဒေသကြီး/ပြည်နယ်ရသုံးခန့်မှန်းခြေငွေစာရင်းတွင်ပါဝင်သောတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများသည်ရငွေများကိုတိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းပြီးသုံးငွေများကို တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရန် ဖြစ်ပါသည်။

၄၂။ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ၏ လုပ်ငန်းဆောင်ရွက်မှုများအဆင်ပြေပချောမွေ့စေရန် ဘဏ္ဍာရေးနှစ်၏ ပထမ(၆)လ(ဧပြီလမှစက်တင်ဘာလအထိ)ကို နိုင်ငံတော်မှတာဝန်ယူ၍နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ဒုတိယ(၆)လ(အောက်တိုဘာလမှမတ်လအထိ)ကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက် မည်ဖြစ်ပါသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများအနေဖြင့် ရသုံးခန့်မှန်းခြေ ငွေစာရင်း တွင် လိုငွေပေါ်ပေါက်ပါက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို

ဖြည့်ဆည်းပေးရန်တောင်းခံခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့်ထောက်ပံ့ပေးရန် တောင်းခံခြင်း၊ ချေးငွေများခွင့်ပြုပေးရန်တောင်းခံခြင်းများကို ဆောင်ရွက်ကြရန်ဖြစ်ပြီး၊ ဘဏ္ဍာရေးကော်မရှင်မှစိစစ်ထောက်ခံချက်ဖြင့်ပြည်ထောင်စုအစိုးရမှ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြပြီး ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဘတ်ဂျက်လိုငွေနှင့်ဂျီဒီပီအချိုးကျဆင်းရေးနှင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကိုအထောက်အကူပြုသော ဘဏ္ဍာရေးမူဝါဒများ ချမှတ်ဆောင်ရွက်ရန်လိုအပ်ချက်များ

၄၃။ နိုင်ငံတော်၏ဘတ်ဂျက်လိုငွေနှင့်ဂျီဒီပီ အချိုးကျဆင်းစေရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများမှာ-

(က) ဝင်ငွေတိုးတက်ရှာဖွေရေး၊

(ခ) အသုံးစရိတ်များလျှော့ချရေး ၊

(ဂ) လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းပြီး အရှုံးပေါ်နေသော နိုင်ငံပိုင်စီးပွားရေးအဖွဲ့ အစည်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေး၊

(ဃ) လုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်၍ အမြတ်ရရှိအောင် ဆောင်ရွက်နိုင်သော နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအားတွန်းအားပေးဆောင်ရွက်ရေးတို့ဖြစ်ပါသည်။

(က) ဝင်ငွေတိုးတက်ရှာဖွေရေး

နိုင်ငံတော်၏ဝင်ငွေတိုးတက်ရှာဖွေရရှိရေး ဆောင်ရွက်ရာတွင် ရငွေအပိုင်း၌အဓိကပါဝင်သည့်အခွန်ရငွေတိုးတက်ကောက်ခံရရှိရေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အခွန်နှုန်းနိမ့်နိမ့် (Low Tax Rate) ဖြင့် အခွန်အခြေခံ ကျယ်ကျယ်ပြန့်ပြန့် (Broad Tax Base) ကောက်ခံနိုင်ရန်ဆောင်ရွက်သင့်ပါသည်။ထိုသို့ဆောင်ရွက်ရာတွင်မြန်မာနိုင်ငံသည်ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည်နှင့်အညီ အခွန်တာဝန်ကိုနိုင်ငံသားအားလုံးမျှဝေကျခံသည့်အနေဖြင့်သွယ်ဝိုက်ခွန်ကိုပိုမိုကောက်ခံသင့်ပါသည်။ လက်ရှိကောက်ခံနေသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပိုမိုရှင်းလင်းလွယ်ကူပြီး အခွန်ရငွေပိုမိုရရှိစေမည့် တန်ဖိုးဖြည့်အခွန် (Value Added Tax)ဖြင့် အစားထိုးသင့်ပါသည်။ ထိုသို့အစားထိုးကျင့်သုံးရာတွင် ကင်းလွတ်ခွင့်အနည်းဆုံး(Minimum Exemption)ဖြစ်ခြင်း၊ ပို့ကုန်အပေါ် ကင်းလွတ်ခွင့်ပြုခြင်း(Zero Rate on Export)၊ အခွန်နှုန်းတစ်မျိုးတည်းဖြစ်ခြင်း(Single Tax Rate) စသည့် အချက်များနှင့် အတတ်နိုင်ဆုံးပြည့်စုံရန် လိုအပ်ပါသည်။ ထို့ပြင်တိုက်ရိုက်ခွန်ဖြစ်သည့်ဝင်ငွေခွန်ကိုလည်း ကင်းလွတ်ခွင့်အနည်းဆုံးဖြင့်ကဏ္ဍမခွဲခြားဘဲတစ်ပြေးညီကောက်ခံသင့်ပါသည်။ တိုက်ရိုက်ခွန်စနစ်အားရေရှည်တွင် အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ် (Self Assessment System)ကို ကျင့်သုံးနိုင်ရေး ဦးတည်ဆောင်ရွက်သင့်ပါသည်။ အခွန်ရငွေနှင့် ဂျီဒီပီအချိုးနိမ့်ကျရသည့်အကြောင်းရင်းများကို လေ့လာတင်ပြထားပြီးဖြစ်ရာ အဆိုပါအချက်များကို လျော့နည်းစေရေးအတွက်

စီမံခန့်ခွဲရေးနည်းလမ်း၊ ဥပဒေဖြင့်ထိန်းကျောင်းသည့်နည်းလမ်းများဖြင့် ဆောင်ရွက်သင့်ပါသည်။အခွန်စည်းကြပ်ကောက်ခံနေသည့် အဖွဲ့အစည်းများ၏အားသာချက်၊အားနည်းချက်များကို လေ့လာသုံးသပ်၍ အားသာချက်များကိုပိုမိုတိုးတက်စေရန်နှင့် အားနည်းချက်များလျော့နည်းပပျောက်စေရန်လည်းစီမံခန့်ခွဲမှုနည်းလမ်း၊ ဥပဒေဖြင့် ထိန်းကျောင်းသည့်နည်းလမ်းများဖြင့် ဆောင်ရွက်သင့်ပါသည်။

(ခ) အသုံးစရိတ်များလျှော့ချရေး

အသုံးစရိတ်များလျှော့ချရာတွင်သာမန်အသုံးစရိတ်၌ အဓိကပါဝင်သည့်လစာစရိတ်နှင့် ကုန်ထုတ်လုပ်မှုအတွက်အရေးပါသည့် ကုန်ကြမ်းဝယ်ယူခြင်း စရိတ်များလျှော့ချရန်မဖြစ်နိုင်သဖြင့်သာမန်အသုံးစရိတ်ရှိကုန်ထုတ်လုပ်မှု ကိုတိုက်ရိုက် အထောက်အကူမပြုသည့် အသုံးစရိတ်များနှင့်အချို့မလိုအပ်သည့်အသုံးစရိတ်များကိုခြိုးခြံချွေတာသည့်အနေဖြင့် လျှော့ချသုံးစွဲရန် လိုအပ်မည်ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်တွင်လည်းနိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအားစိစစ်၍ လုပ်ငန်း စီမံကိန်းသစ်များအနက် နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့်လုပ်ငန်းများမှလွဲ၍အသုံးစရိတ်လျာထားခြင်းမပြုရန်နိုင်ငံတော်၏ ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများကိုလည်း လုပ်ငန်းများပြီးစီးနိုင်မည့်ကာလနှင့် ကဏ္ဍ

အလိုက်အရေးပါမှုအားခွဲခြားစိစစ်၍ငွေလုံးငွေရင်းအသုံးစရိတ်များ လျာထား ခွင့်ပြုသင့်ပါသည်။

(ဂ) လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းပြီး ရှုံးပေါ်နေသောနိုင်ငံပိုင်စီးပွားရေးအဖွဲ့ အစည်းများအားပုဂ္ဂလိကပိုင်ပြုလုပ်ရေးရေရှည်တွင် နိုင်ငံတော်၏စီးပွားရေးဖွံ့ ဖြိုးတိုးတက်မှုကိုအထောက်အကူပြုသော်လည်း လုပ်ငန်းစွမ်းဆောင်ရည် ကျဆင်းပြီး အရှုံးဖြစ်ပေါ်နေသော နိုင်ငံပိုင်စီးပွားရေးအဖွဲ့ အစည်းများအား ပုဂ္ဂလိကသို့ငှားရမ်းခြင်း၊ လွှဲပြောင်းပေးခြင်းနှင့်ထုခွဲရောင်းချသည့် အစီအစဉ် များ တိုးမြှင့်ဆောင်ရွက်သင့်ပါသည်။

(ဃ) လုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်၍ အမြတ်ရရှိအောင် ဆောင်ရွက်နိုင်သော နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများအား တွန်းအားပေးဆောင်ရွက်ရေး

နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများမှလုပ်ငန်းစွမ်းဆောင်ရည် ကောင်းမွန်၍စီးပွားရေးအရတွက်ချေကိုက်ပြီး အမြတ်ရရှိ အောင်ဆောင်ရွက် နိုင်သော အဖွဲ့အစည်း များအားဝင်ငွေတိုးတက်ရရှိရန် နိုင်ငံတော်အစိုးရမှ အစီအစဉ်များ ချမှတ်၍ တွန်းအားပေး ဆောင်ရွက်သင့်ပါသည်။

နိဂုံး

၄၄။ အထက်ပါစိစစ်ချက်များအရမြန်မာနိုင်ငံ၏စီးပွားရေးအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်လာစေရန် အစိုးရ၏ ရငွေနှင့်ရင်းနှီးမြှုပ်နှံမှုတို့ကို သိသိသာသာတိုးမြှင့်ရန်

လိုပါသည်။ နိုင်ငံတော်၏ ဘဏ္ဍာရေး မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်သည့် အနေဖြင့်နိုင်ငံတော်၏ရသုံးခန့်မှန်းခြေငွေစာရင်းတွင် လိုငွေတဖြည်းဖြည်းကျဆင်းသွားပြီး ရငွေနှင့်သုံးငွေညီမျှသော Balanced Budgetဖြစ်ပေါ်ရေးအတွက်ရည်မှန်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။